
AJAR

ASIA JUSTICE AND RIGHTS

# မီးလိပ်ပြာ

Story by KST Studio



# အမှာစာ

အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုဆိုသည်မှာ အတိတ်ကာလမှ ဖြစ်ပွားခဲ့သော ကြီးမားကျယ်ပြန့်သည့် လူ့အခွင့်ရေးချိုးဖောက်မှု အစဉ်အလာအမွေဆိုးများအား လူ့အသိုင်းအဝိုင်းမှ သင်ခန်းစာယူလက်ခံ၍ တာဝန်ခံမှုရှိရေး၊ တရားမျှတမှု ပေါ်ထွန်းရေးနှင့် ထိုကဲ့သို့ အဖြစ်ဆိုးများ ထပ်မံမဖြစ်ပွားစေရေးတို့အတွက် ဖြေရှင်းရန် ကြိုးပမ်းမှုနှင့်ဆိုင်သည့် ယန္တရားများပင် ဖြစ်ပါသည်။ ကျွန်ုပ် တို့ Asia Justice and Rights အဖွဲ့သည် အစိုးရအဆက်ဆက် ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခဲ့ပြီး ပြဿနာများစွာ၏ အရင်းအမြစ်ဖြစ်သော အတိတ်ကာလမှ အမှားများအား ကိုင်တွယ်ဖြေရှင်းရန်နှင့် တရားမျှတ၊ ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ရန် အတွက် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု၏ အရေးပါမှုများအား ပြည်သူလူထုမှ အလွယ်တကူ နားလည်သိမြင်နိုင်စေရန်အတွက် မှတ်တမ်းဗီဒီယိုများ၊ ရုပ်ပြဇတ်လမ်းများဖြင့် လည်း တင်ဆက်လျက်ရှိပါသည်။

ဤစာအုပ်တွင် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုအခြေခံ သဘောတရားအား အလွယ်တကူ နားလည် သဘောပေါက်စေရန်အတွက် ရုပ်ပြဇတ်လမ်းတိုများဖြင့် ဖော်ပြထား ပါသည်။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသည့် AJAR INDONISIA TEAM, AJAR Burma Team, ဇတ်လမ်းနှင့် သရုပ်ဖော်ပုံများ ရေးဆွဲပေးသည့် KST Studio တို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။ ဤစာအုပ်သည် မြန်မာနိုင်ငံတွင် ငြိမ်းချမ်း ရေး၊ တရားမျှတမှုနှင့် ပြန်လည်သင့်မြတ်ရေးကို မြှင့်တင်လိုသူများအတွက် အသုံးဝင်သည့် အရင်းအမြစ်တစ်ခု ဖြစ်လာမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ယခုရုပ်ပြဇတ်လမ်းတိုစာအုပ်ကို အာရှလူ့အခွင့်အရေးနှင့်တရားမျှတမှုအဖွဲ့ Asia Justice and Rights မှ ထုတ်ဝေပြီး ကိုချစ်မင်းလေးနှင့် မအယ်လာရီ တို့က စာအုပ်ဖြစ်မြောက်ရေး စီမံကိန်းအား ပူးတွဲဆောင်ရွက်ကြပါသည်၊

ပထမအကြိမ် ပုံနှိပ်ခြင်း – ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ

ရေးသားတည်းဖြတ်သည့်အဖွဲ့ – KST Studio

ဤ 'မီးလိပ်ပြာ' ရုပ်ပြဖတ်လမ်းသည် Asia Justice and Rights အဖွဲ့၏ မူပိုင်ဖြစ်ပါသည်။ ဤရုပ်ပြဖတ်လမ်းအား တစ်စုံတစ်ဦး၏ အကျိုးအမြတ်အတွက်မဟုတ်တဲ့ အများအကျိုးအတွက် သတင်းမီဒီယာများတွင် ဖော်ပြခြင်း၊ ထပ်မံကူးယူအသုံးပြုခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများ လုပ်ဆောင်နိုင်ပါသည်။ သို့သော် စီးပွားဖြစ် အကျိုးအမြတ်အတွက် ပြန်လည်အသုံးပြုထုတ်ဝေရန် ခွင့်ပြုမည်မဟုတ်ပါ။ ဤ "မီးလိပ်ပြာ" ရုပ်ပြဖတ်လမ်းတွဲသည် ရောင်းရန်မဟုတ်ပါ။

ပိုမိုသိရှိလိုပါက ဖော်ပြပါဝဘ်ဆိုဒ် (https://asia-ajar.org and https://justiceresources-mm.com ) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အာရှလူ့အခွင့်အရေးနှင့်တရားမျှတမှုအဖွဲ့ ( AJAR)

Asia Justice and Rights (AJAR) သည် အစိုးရမဟုတ်သော ဒေသတွင်း အဖွဲ့အစည်း (NGO) တစ်ခု ဖြစ်ပြီး အာရှ–ပစိဖိတ် ဒေသတလွှား လူ့အခွင့်အရေးမြှင့်တင်ရန်နှင့် တာဝန်ယူမှု/ တာဝန်ခံမှုရှိသည့် လူ့အဖွဲ့အစည်းဖြစ်ထွန်းလာစေရန်တို့ ရည်ရွယ် လုပ်ဆောင်နေသည့် အဖွဲ့ ဖြစ်သည်၊ AJAR သည် ဒေသတွင်း အမြစ်တွယ်နေသည့် အပြစ်ပေးခံရမှုမှကင်းလွတ်ခွင့် ရနေသည့် အစဉ်အလာအား တိုက်ဖျက်ပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရ ရှိစေရေးတို့အတွက် အတိတ်ကာလမှ လူ့အခွင့်ရေး ချိုးဖောက်မှုများအား ရင်ဆိုင် ဖြေရှင်းရန် လိုအပ်သည်ဟု ယုံကြည်ပါသည်။ AJAR သည် ပဋိပက္ခ အလွန် ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းအတွေ့အကြုံများအား အခြေခံ၍ စာတမ်းများ ရေးသားခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများအား မှတ်တမ်းတင်ခြင်း၊ တရားမျှတမှုနှင့် လူ့အခွင့်ရေးကြိုးပမ်းဆောင်ရွက်ရတွင် ကြုံရနိုင်သည့် စိန်ခေါ်မှု များအား ရင်ဆိုင် ဖြေရှင်းရန်အတွက် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုနှင့်ပါတ်သက်ပြီး လုပ်ကိုင်ဆောင်ရွက် နေသည့် ဒေသခံအဖွဲ့အစည်းများ၊ ရှင်သန်လွတ်မြောက်လာသူများ/ နစ်နာသူများနှင့် အတူတကွ လက်တွဲ၊ အားထုတ်၊ ဆောင်ရွက်လျက်ရှိသည်။



Chit Min Lay

ချစ်မင်းလေး

Project Co-Lead

ချစ်မင်းလေးသည် AJAR အဖွဲ့တွင် အသွင်ကူးပြောင်းရေး ဆိုင်ရာတရားမျှတမှု ပရိုဂရမ်၏ ဦးဆောင်ပရိုဂရမ်အရာရှိ တစ်ဦးဖြစ်ပြီး နိုင်ငံရေး အကျဉ်းသားဟောင်းတစ်ဦးလည်း ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ၌ ပညာသင်ကြားနေစဉ်အတွင်း ၁၉၉၆/၁၉၉၈ ကျောင်းသားလှုပ်ရှားမှုများတွင်ပါဝင်ခဲ့သည့်အတွက်ကြောင့် ဖမ်းဆီးခံခဲ့ရပြီး ၂၀၁၂ ခုနှစ်တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ပြန်လည်လွတ်မြောက်လာပြီးနောက် အရပ်ဖက်အဖွဲ့များတွင် တာဝန်ထမ်းဆောင်ခဲ့သည်။



Alarie

အယ်လာရီ


Project Co-Lead

အယ်လာရီ သည် AJAR အဖွဲ့တွင် အသွင်ကူးပြောင်းရေး ဆိုင်ရာတရားမျှတမှု ပရိုဂရမ်၏ ပရိုဂရမ်အရာရှိတစ်ဦးဖြစ်ပြီး မြန်မာပြည်သူ လူထုအတွင်း အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု နည်းနာများအား နားလည်သဘောပေါက်ပြီး တရားမျှတသည့် လူ့အဖွဲ့အစည်း ဖြစ်ထွန်းလာစေရန်အတွက်  အသိပညာမြှင့်တင်ရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက် နေသည့် စိတ်သဘောထားတူညီသည့် အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်၊ သူမသည် 2021 ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်ခဲ့သည့် အစိုးရအရာရှိတစ်ဦး လည်း ဖြစ်ပါသည်။

KST Studio

သရုပ်ဖော်ရေးဆွဲသူ

KST Studioသည် 2D,3D animation ဖန်တီးသော လွတ်လပ်သည့်အဖွဲ့တစ်ခုဖြစ်ပါသည်။ မြန်မာပြည်တွင် တရားမျှတမှုနှင့် ဒီမိုကရေစီအစစ်အမှန်ပေါ်ပေါက်ရေးအတွက် Soft Power အခန်းကဏ္ဍမှ တက်ကြွစွာပါဝင်နေသော အဖွဲ့တစ်ခုဖြစ်ပါသည်။


သဘာဝတရားကြီးဟာ လှပပါတယ်
ကြည်လင်ခြင်း အေးချမ်းခြင်း
မြတ်နိုးဖွယ်ရှိခြင်း
အပြစ်ကင်းစင်တဲ့ ကလေးငယ်တစ်ဦးလို
ခလှူ
ဒုန်း
ဝမ်းဘဲ



ဟာ
ဘာဖြစ်တာလဲ
အသံအကျယ်ကြီးပဲ
ငါ့ကျွဲတွေ ကျောင်းပဲရှိတယ်
မြီးတိုဆိုတဲ့ကောင်
ဘယ်ရောက်နေလဲမသိဘူး
ညနေလည်းစောင်းတော့မယ်
ငါလိုက်ရှာမှ ဖြစ်မယ်
မြီးတိုရေ
မြီးတို
မြီးတိုရေ
အို
အို
အို


ကလောက်
ကလောက်
ချူအသံတော့ကြားတယ်
ဘယ်နားမှာပါလိမ့်
ချူ အသံက
ဒီဖက်ထဲကလာတာပဲ
ကလောက်
မိုင်းကွင်း
အန္တရာယ်ရှိသည်။ မဝင်ရ။
ဖြိုးတို့ရေ
ထွက်ခဲ့ဟေ့
ဟာ ဒီကောင်
ထွက်မလာပါလားကွာ
အထဲဝင်ပြီး
ဆွဲခေါ်လာမှရမယ်



အဖေကမှာထားတယ်
သရဲတွေရှိလို့ ဒီနေရာကို မဝင်ရဘူးတဲ့
သရဲတွေကိုမကြောက်ပါဘူး
အိမ်အပြန် ကျွဲမပါလာလို့
အဖေ့ရဲ့ ဒေါသကိုပဲ
ကြောက်ရတယ်
ဖြိုးတို့ရေ
အိမ်ပြန်မယ်
အို အို့ အို
အုံး
အား


မိန်းမရေ
ကိုယ်ပြန်လာပြီဟေ့
ယောကျ်ားတောင် မြို့ကပြန်လာပြီ
ခပါးတွေရောင်းတာကော
အဆင်ပြေရဲ့လား ယောကျ်ား
ဒီတစ်နှစ်ကတော့
အဆင်မပြေပါဘူး
မိန်းမရယ်


စပါးဈေးက မကောင်း
ပွဲစားတွေကလည်း
ခေါင်းပုံတော်တော်ဖြတ်တာပဲ
ဒါပေမယ့် ဒို့သားတွေကို
ဒီနှစ် ရှင်ပြုအလှူလုပ်ပေးဖို့
လောက်ငပါတယ်
ရှင်ပြုပေးတယ်ဆိုမှ
ပြောရဦးမယ်
တို့သားတွေနဲ့အတူတူ ရှင်ပြုပေးမယ့်
ကျွဲကျောင်းသား ဖိုးလုံးလေ
ဒီနေ့ မွန်းလွဲလောက်က
မိုင်းနင်းမိလို့ ဆုံးရှာပြီ
ကျွဲကျောင်းရင်း မိုင်းကွင်းထဲကို
မှားဝင်မိတာနဲ့တူတယ်
ကလောက် !!


ဖိုးလုံးလေးရဲ့
အလောင်းတောင် မကောက်နိုင်ဘူး
ကျန်တဲ့ ကျွဲနှစ်ကောင်ကို
သူ့အဖေ သွားဆွဲခေါ်လာရတယ်
စိတ်မကောင်းစရာပဲကွာ
အဖေတစ်ခု သားတစ်ခုဘဝလေး
ပျက်စီးသွားတော့
ဖိုးလုံးအဖေတော်တော်ခံစားနေရမှာပဲ
မနက်ဖြန်မှ ဖိုးလုံးလေးရဲ့
နာရေးသွားလိုက်မယ်ကွာ
အခုတော့ နားလိုက်ပါဦးနော်


ဟေး
ဖေဖေပြန်လာပြီ
မြို့ကအပြန်
ဘာမုန့်တွေပါလဲ ဖေဖေ
ရော့ ဒီမှာ
သကြားလုံးတွေပဲ ပါတယ်
တစ်ယောက်တစ်လုံး စားကြ
ဖေဖေကလည်း
မုန့်အများကြီးဝယ်လာမယ်ဆိုပြီးတော့
အခုကျ သကြားလုံးပဲလားတဲ့
အင်းလေ
သမီးတို့က မျှော်နေတာကို
ဟား ဟား ဟား
ဖေဖေက စနေတာပါကွာ


ငါ့သားတွေ သမီးတွေအတွက် ဘယ်မေ့ပါ့မလဲ
ဒီမှာ ဘိလပ်ရည်တွေရယ် ဘီစကစ်တွေရယ် ပါပါတယ်ဗျား
သမီးလေးအတွက် ဂါဝန်လှလှလေးပါတယ်
သားကြီးနဲ့ သားငယ်အတွက် ဘောကန့်ဖိနပ်နဲ့ ဘောလုံး
ဖေဖေကြီးကို ချစ်တယ်
ဖေဖေကလည်း ချစ်ပါတယ်ကွာ


ကဲ ဖေဖေနဲ့ ကလေးတွေရေ ရေချိုးကြတော့လေ ပြီးရင်ထမင်းစားကြမယ်
အိမ်တော်ရှင်မကြီး မေမေအော်နေပြီ မြန်မြန်ရေချိုးကြလေ့
မိသားစု ထမင်းဝိုင်းလေးက ပျော်စရာ ကောင်းသည်။
နှီးခေါင်းလန်းကြီးဖြင့် မြိန်ရည်ရှက်ရည် အတူတကွ စားကြသည်၊
ကလေးတို့ရေ များများစားကြနော် ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားပြီးစားကြ


ဟာ အမေကလဲ
သားတို့က ဧည့်သည်မှ မဟုတ်တာကို
အင်းလေ မသိရင်ပဲ
ကျတော်တို့က အမေတို့သားတွေ
မဟုတ်သလိုလို
ဟယ် သေချာလို့လား
အငယ်မလေးဆိုရင်
အမှိုက်ပုံထဲကနေ
ကောက်လာတာလေ
မစနဲ့နော် မေမေ
သမီး ငိုချင်လာပြီနော်
ဟုတ်တယ် သမီးငယ်ကို
သူများပစ်ထားလို့
ကောက်ပြီးမွေးထားတာ
ဗြဲ


ဟော ငိုသွားပြီ
မေမေက စနေတာကို
သမီးလေးကလည်း
ဟား
ဟား
ဟား
ကဲကဲ
ထမင်းပြီးအောင်
စားကြ စားကြ
ထောက်
ဂျိ
ဂျိ
ရှဲ ကလွိ


သူတို့နေတဲ့ ဒီရွာလေးကို အလတ်ချောင်းရွာလေးလို့ ခေါ်ပါတယ်။
ဓနု၊ တောင်ရိုးစတဲ့ တိုင်းရင်းသားများနေထိုင်တဲ့
တောင်ပေါ်ဒေသမှာရှိတဲ့ ရွာလေးတစ်ရွာဖြစ်ပြီး
စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါတယ်။
မနက်မိုးသောက်လို့
ရွာဦးကျောင်းက
အုံးမောင်းသံ ကြားလျှင်


တောင်ယာလုပ်ငန်းခွင်
ဝင်ဖို့ပြင်ကြပါတယ်
"တမူးရှိလို့ တပဲလှူ" ဆိုရိုးအတိုင်း
အလှူအတန်းရက်ရောကြသလို
ရိုးသားစွာ အသက်ရှင်ကြပါတယ်
သီးနှံများစွာ ဖြစ်ထွန်းပြီး
ကလေးငယ်များကလည်း
ပျော်ရွှင်စွာ ရှိကြပါတယ်


ဟေး
ဝါး
သားတို့သမီးတို့ရေ
လာကြဦးဟေ့
မေမေလည်း လာပါဦး
လာပါပြီတော်
ဘယ်သူအရင်ရောက်မလဲဟေ့
ကဲ ဒီမှာ
အကြော်ပူပူလေး


ဝါ::::: ဘူးသီးကြော်လေးက မွှေးနေတာပဲ
စားလို့အရမ်းကောင်းတာပဲ
ကျေးဇူးပါမေမေ
သားတို့သမီးတို့ကို ဖေဖေ ပေးစရာရှိတယ်
ဒီမှာ
ဆွဲကြိုးလေးတွေပါလား
လှလိုက်တာ
ဒီဆွဲကြိုးလေးတွေကို မပျောက်ပျက်အောင် ထားရမယ်နော်


သမီးငယ်လေးက
ကြင်နာမှုကို ကိုယ်စားပြုတယ်
သားကြီးက ရဲရင့်မှု
သားငယ်က တရားမျှတမှုကို
ကိုယ်စားပြုတယ်
ဆွဲသီး သုံးခုပေါင်းလိုက်ရင်
ငြိမ်းချမ်းရေး ချိုးငှက်ပုံလေးရမယ်။
သားတို့သမီးတို့ မောင်နှမတတွေ
စည်းစည်းလုံးလုံးရှိကြရင်
ငြိမ်းချမ်းပျော်ရွှင်စွာ နေကြရမယ်ဆိုတဲ့
အဓိပ္ပာယ်ပဲ
ဖေဖေက မျက်နှာလိုက်တယ်နော်
မေမေ့အတွက်က ဘယ်မှာလဲပြော
မပေးရင် ကျမရဲ့
အကြောင်းသိမယ်


မေမေ့ကို
ပေးပြီးပြီလေ
ဘယ်အချိန်တုန်းက
ပေးလိုက်တာလဲတော့
အနမ်းချိုချိုလေးတွေလေ
ဖေဖေနော်
ကလေးတွေရှေ့မှာ
ဟား
ဟား
ဟား
ဟိုမှာ ဖွားဖွားလေးလာတယ်
အဲ့မယ် သားအဖတွေ
ရယ်လို့မောလို့ပါလား
ဟုတ်တယ် ဒေါ်လေးရေ
ဒါနဲ့ ဒေါ်လေးက အထုပ်တွေနဲ့
ဘယ်သွားမို့လဲ


ဒေါ်လေး မြို့ခဏသွားမလို့
အဲဒါ အဖော်ရအောင်
အငယ်မလေးကို လာခေါ်တာ
ခေါ်သွားလေ
အိလည်း မြို့ရောက်ဖူးတာပေါ့
အဟိ
၁ပတ်လောက်တော့ကြာမယ်
ငါ့တူတို့ကော ဘာမှာဦးမလဲ
မှာစရာကတော့ဗျာ
မြို့ပေါ်မှာ မြေးအဖွားနှစ်ယောက်
မအူမလည် လုပ်မနေကြနဲ့ဗျို့
မြို့ပေါ်ကနေ
မုန့်တွေဝယ်လာဦးနော် ညီမလေး


ကားလာပြီဟေ့
ပွမ် ပွမ်
သွားပြီနော်
TOYOTA
လမ်းခရီး ဂရုစိုက်ကြဦးနော်
ကိုကိုတို့ရေ တာ့တာ
တာ့တာ ညီမလေး
တာ့တာ


ခွပ်
ညီမလေးမရှိတော့
ပျင်းလိုက်တာနော်
ဒါဆို ချောင်းထဲ ငါးသွားဖမ်းကြမယ်လေ
ကောင်းတယ်
ငါးသွားဖမ်းလိုက်ဦးမယ် မေမေရေ
အေး အေး
ချောင်းတဖက်က
တောထဲကို မသွားနဲ့နော်
မြေမြှုပ်မိုင်းတွေရှိတယ်


ကိုလေးရေ ငါတို့လည်း မြို့သွားချင်လိုက်တာ
ဖေဖေကတော့ ရှင်ပြုပွဲမလုပ်ခင် ပစ္စည်းတွေ ဝယ်ရင်းနဲ့ မြို့လိုက်ပို့မယ်တဲ့ ကိုကြီးရ
မြို့ရောက်ရင် ပေါက်စီဆိုင်မှာ ပေါက်စီကို အလုံး၃၀လောက် စားပလိုက်ဦးမယ်
ငါကတော့ ရေခဲမုန့်ဆိုတာကြီး စားချင်တာကွာ ဖေဖေပြောတာ စားလို့ကောင်းတယ်တဲ့
ရေခဲဆိုတော့ အရည်ပျော်သွားလို့ ဝယ်လာလို့မရတာဆိုပဲ
ဒက် ဒက်
ဒိုင်း
ရွာထဲမှာ သေနတ်တွေပစ်နေတယ် ဘာဖြစ်တာလဲ သွားကြည့်ရအောင်


ညီအကိုနှစ်ယောက် ပြေးလာကြပါတယ်
ရွာထိပ်က ညောင်ပင်ကြီးနားရောက်တော့
ဒူးထောက်ခံနေရတဲ့ ရွာသားတွေ
သေနတ်တွေကိုင်ထားတဲ့
အင်္ကျီအစိမ်း ဝမ်းဆက်နဲ့လူတွေ
အစိမ်းရောင်ဝတ်ထဲက
ခေါင်းဆောင်ဖြစ်တဲ့သူက
ရွာသားတွေကို အော်ဟစ်ပြီးပြောနေပါတယ်
ငါတို့စစ်ကြောင်းက နယ်စပ်ကို
တပ်အရွှေ့အပြောင်းလုပ်ရတယ်


ငါတို့ စစ်ကြောင်းကို
မင်းတို့ရွာကနေ ရိက္ခာပေးရမယ်
ပြီးရင် သယ်ဖို့ ယောကျ်ားတွေခေါ်သွားမယ်
ရိက္ခာကတော့ ကျနော်တို့ပေးလို့ရပါတယ်
ယောကျ်ားသားတွေတော့ လိုက်လို့မရဘူးဗျ
အခုက သီးနှံရိတ်သိမ်းချိန်လည်း
ရောက်တော့မယ်။ ပြီးတော့ သီးနှံမှည့်ချိန်မှာ
တောဝက်တွေ လာဖျက်စားကြတယ်
တောဝက်တွေနဲ့အတူ
ကျားတွေလည်းပါလာတတ်တယ်
အဲ့အချိန် သူတို့မိသားစုကို ကာကွယ်ဖို့
ယောကျ်ားသားတွေလိုတယ်ဗျ
ရဲဘော်တွေ ... သူတို့မိန်းမတွေကို
ကာကွယ်ပေးလိုက်ကြစမ်းကွာ


ဟဲ့ကောင်မ နင်ဒီကိုလာစမ်း
ရှင် မယုတ်မာနဲ့နော်
ကယ်ကြပါဦးရှင်
ဟေ့လူ ကျုပ်မိန်းမကို
မစော်ကားနဲ့
ဒိုင်း
အား
ကျန်တဲ့ ရဲဘော်တွေလည်း
ဘာလုပ်နေကြတာလဲ
ကာကွယ်ပေးလိုက်ကြဦးလေကွာ


ဟေ့ ခင်ဗျားတို့က ပြည်သူကို ကာကွယ်ပါမယ်ဆိုပြီး သစ္စာဆိုထားကြတဲ့စစ်သားတွေ မဟုတ်ဘူးလား ဘာလို့ပြည်သူတွေကို အနိုင်ကျင့်ကြတာလဲ
မင်းကများ ငါတို့ကို ဆရာလာလုပ်နေသေးတယ်ကွာ
သေစမ်းကွာ ရော့ကွာ
အ


ခွပ်
အား
ယောကျ်ား
အဆင်ပြေရဲ့လား
ဒီကောင်မ
ငါ့ကို ရိုက်ရဲတယ်ပေါ့
သေစမ်းကွာ
ဒိုင်း
မိန်းမ
မင်းတို့ကို
ကမ္ဘာမကြေဘူးကွ
နားပြီးတယ်ကွာ



အဖေ
အမေ
အမေ ဘာမှမဖြစ်ဘူးမလား
ငါ့သားတို့ တရားမျှတမှုအတွက် ကြိုးစားကြပါ
အဖေ
ဦးလေး ကျနော်အဖေနဲ့ အမေကို ဘာလို့သတ်တာလဲ
ခင်ဗျားကို မုန်းတယ်


ဒီကောင်တွေကလည်း ရှုပ်တယ်ကွာ
ခွပ်
ခွပ်
ရဲဘော်တွေ ကြာတယ်ကွာ
လုပ်စရာရှိတာတွေ မြန်မြန်လုပ်ကြတော့
ဟုတ်ကဲ့ ဗိုလ်ကြီး
စစ်တပ်ဟာ ရွာထဲက ကြက်တွေ ဝက်တွေကို
အကုန်ဖမ်းကြပါတယ်
တစ်အိမ်တက်ဆင်း ရှာဖွေကြပြီး
အဖိုးတန်ပစ္စည်းတွေကို ယူဆောင်ကြပါတယ်


အမျိုးသမီးပျိုလေးများကိုလည်း မတော်မတရားပြုကျင့်ကြပါတယ်
အမျိုးသမီးအများစုက တောထဲ ထွက်ပြေးကြပါတယ်
ထွက်ပြေးကြသူတွေကို စစ်သားများက သေနတ်နဲ့လိုက်ပစ်ကြပါတယ်
ပြေးပြီ
ပစ် ပစ်
ခုခံကြတဲ့ ရွာသားများသည်လည်း ပစ်သတ်ခံရကြပါတယ်
တစ်ရွာလုံးကို စိတ်ကြိုက် သောင်းကြမ်း ဖျက်ဆီးပြီးတဲ့နောက်မှာ
အမျိုးသားများကို ချောဆွဲသွားကြပါတယ်


အရင်က အေးချမ်းသာယာစွာရှိခဲ့တဲ့ ရွာလေးဟာ အခုတော့ မီးခိုးငွေ့တွေရယ် ငိုကြွေးသံတွေရယ် အရာရာပျက်စီးမှုများနဲ့သာ ကျန်ရစ်ခဲ့ပါတယ်
ဒီအရာတွေဟာ နယ်စပ်ဒေသ တိုင်းရင်းသား ဒေသများမှာ ဖြစ်နေကျ အဖြစ်အပျက်များဖြစ်ပါတယ်
မိသားစုများသည် တစစီပြိုကွဲလျက်ပေါ့


၁၅နှစ်ခန့်ကြာသော်
BUS STATION
ရန်ကုန်မြို့
ကိုလေးရေ
ဒီမှာ
ဝေး ညီမလေး


ငါ့ညီမလေးက အပြင်မှာပိုလှတာပဲ
မြှောက်ပြီ ငါ့အကိုကတော့ လာပါ အိမ်ရောက်မှပဲ စကားအေးဆေးပြောကြတာပေါ့
ဒါ ညီမလေးငှားနေတဲ့အိမ်ပဲ အေးအေးဆေးဆေးနေနော်
ကိုလတ်ကော ဘာတွေဖြစ်ခဲ့တာလဲ ပြောပြပါဦး
အင်း ပြောရမယ်ဆိုရင်..



တို့မိသားစုတွေ ကွဲသွားတဲ့အချိန်ကနေစပြော
ကြတာပေါ့
ညီမလေးမြို့တက်သွားပြီး ၂ရက်ကြာတော့
စစ်တပ်ကရွာထဲဝင်တယ်
အဖေနဲ့အမေလည်း အသတ်ခံခဲ့ရတယ်
ရွာကိုလည်းစစ်တပ်ကမီးရှို့ခဲ့တယ်
ရွာသားအများကြီးကို သတ်ပစ်ခဲ့တယ်
ကျန်တဲ့ ရွာသားတွေကို ပေါ်တာဆွဲသွားခဲ့တယ်


ကိုလေးနဲ့ကိုကြီးလည်း ကျည်ဆံသေတ္တာ
အလေးကြီးတွေ ထမ်းခဲ့ရတယ်
လမ်းလျှောက်တာနှေးရင်လည်း
နံပါတ်တုတ်တွေနဲ့ အရိုက်ခံရတယ်
တောထဲမှာ ခြင်ကြားတွေကိုက်တော့
ငှက်ဖျားရောဂါတွေလည်းဖြစ်ကြတယ်
လူတွေလည်း
အားအင်မရှိပေမယ့်
မနားရဲကြဘူး
ဆေးကုသပေးဖို့ဆိုတာ
အိပ်မက်လိုပဲ
အဖိုးအိုတစ်ယောက်ဆိုရင်
နေမကောင်းတော့ လမ်းမလျှောက်နိုင်တော့ဘူး
ဟေ့ ဒီအဖိုးကြီး
အလုပ်ရှုပ်တယ်ကွာ
ရှင်းပစ်လိုက်ကြတော့


မလုပ်ပါနဲ့ ငါတူတို့ရယ် အထုပ်ထမ်းဆိုလည်း အဖိုး ထမ်းပါ့မယ်
ဒိုင်း
အစားအစာဆိုရင်လည်း မဝရေစာပဲ စားခဲ့ရတယ်
ငှက်ဖျားဒဏ်ကြောင့် သေတဲ့သူလည်းများတယ်
မတော်တဆ ချော်လဲပြီး ခြေထောက်ကျိုးသွားတဲ့သူဆိုရင်
ချောက်ထဲကို ပစ်ချပြီး သတ်ပစ်လိုက်ကြတယ်


အချောင်နိုချင်လို့ မြေထောက်ကျိုးတဲ့ကောင် တစ်ဘဝလုံး အနားယူပေတော့
မင်းတို့ထဲက ဘယ်ကောင် အနားယူချင်သေးလဲကွ
ဘယ်သူမှ မဖြေကြဘူးပေါ့ ကဲကွာ ကဲကွာ
ဒုန်း
ဒီစစ်သားတွေက တော်တော်ယုတ်မာကြတာပဲ
ဟုတ်တယ် ညီမလေးရေ အဲဒီမှာရှိခဲ့တဲ့ အချိန်တွေက ငရဲကျနေသလိုပါပဲ
ဒါနဲ့ ဆက်ပြောပါဦး ကိုလေး


တစ်နေ့တော့ ရိုက်ခင်းတွေအများကြီးရှိတဲ့
စခန်းတစ်ခုကို ဖြတ်ကြရတယ်
ဘိန်းပင်တွေရယ်
သံခြေချင်းခတ်ခံထားရတဲ့ သူတွေရယ်
ဟေး ပေါက်ဖော်ကြီး
နေကောင်းတယ်နော်
ဟော ဗိုလ်ကြီးပါလား
မတွေ့တာ ကြာပြီနော်
ထုံးစံအတိုင်း
နွားတွေလာပို့တာလား
ဒီမှာ နွားတွေလိုနေတာ


ဒီတစ်ခါနွားတွေက အကြမ်းမခံဘူး လမ်းမှာတင် သေကုန်ကြတယ်
ဟိုမှာ နွားပေါက်လေး ၂ကောင်ပါတယ် ပေါက်ဖော်ကြိုက်ရင် ယူလိုက်တော့
ကျေးဇူးတင်တယ် ဗိုလ်ကြီးကို ဝ ပေးစရာရှိတယ်
ဗိုလ်ကြီးအတွက် ပစ္စည်း ရှယ်ပဲ
ပစ္စည်းက ကောင်းလိုက်တာ လွင့်သွားတာပဲ


ဗုန်း
မင်းတို့ညီအကိုနှစ်ကောင် ဒီမှာ ကျန်ခဲ့ ကြားလား
ဟုတ် ဟုတ်
ဒီလိုနဲ့ ကိုလေးတို့လည်း တရုတ်တစ်ယောက်ပိုင်တဲ့ ဘိန်းခိုက်ခင်းထဲမှာ အလုပ်လုပ်ခဲ့ကြရတယ် ပေါ်တာဆွဲလာတဲ့ စစ်ကြောင်းကတော့ ရှေ့ဆက်ပြီး ထွက်သွားခဲ့ကြတယ်
ခိုက်ခင်းမှာရှိတဲ့ အလုပ်သမားတွေဟာ ကျွန်လိုပဲ အလုပ်လုပ်ရတယ်
မဝရေစာကျွေးတယ်။ အလုပ်လုပ်တာနှေးရင် သေနတ်ကိုင်တဲ့ အစောင့်တွေက ရိုက်တယ်



အလုပ်သိပ်မလုပ်နိုင်တဲ့သူတွေဆိုရင် WY စိတ်ကြွဆေးတွေ ကျွေးပြီး အလုပ်လုပ်ခိုင်းတယ်
လူအများစုက ဆေးသမားတွေဖြစ်ကုန်တယ်
တစ်ရက်တော့ ကိုကြီး အသည်းအသန်ဖျားတယ် အလုပ်သမားထဲက ဦးလေးတစ်ယောက်က ဆေးကုသပေးတယ်
ရော့ ဒီတိုင်းရင်းဆေးလေးကို ပုံမှန်တိုက်နော်
ဟုတ်ကဲ့ပါခဗျာ
မှတ်ထားနော် ဦးနာမည်က ဒေဝါတဲ့ မြန်မာလိုဆို နတ်ပေါ့ကွာ အခုတော့ ကျွန်နတ်ဖြစ်နေတယ်ဟေး
ဟား ဟား
ဆေးကုသပေးတဲ့ ဦးလေးနဲ့လည်း ရင်းနှီးသွားခဲ့တယ်
ဟား
ဟား
ဟား


ဒီလိုနဲ့ ၃လ ကျော်လာတော့
ငါ့တူတို့ရေ ဒီညငါတို့ ထွက်ပြေးကြမယ် မင်းတို့နှစ်ယောက် လိုက်မှာလား
ဟာ လိုက်မှာပေါ့ဗျ
ဒါပေမယ့် ကျနော်တို့ရဲ့ သံခြေချင်းတွေကို ဘယ်လိုလုပ်ကြမလဲ။ ဒါကြီးတွေနဲ့ လမ်းတောင် မနည်းလျှောက်နေရတာ
အဲဒီကိစ္စအတွက် မပူပါနဲ့ကွာ ငါ့သူငယ်ချင်း သျှောင်ကြီးက သော့ပိုရှာကွ
အဲဒီညမှာ ကိုလေးတို့ လေးယောက်သား ခြေချင်းတွေကိုဖြုတ်ပြီး ထွက်ပြေးကြတယ်
အစောင့်တွေကသိသွားတော့ ခွေးတွေနဲ့ အနံ့ခံပြီး လိုက်ဖမ်းကြတာပေါ့


ခွေးတွေနောက်လိုက်ကြ
ပြေးထားကြပေ့ာ
ပြေးထားပေ့ာ ရှေ့မှာမြစ်ရှိတယ်။
မြစ်ကိုကျော်ပြီး တောအုပ်ထဲရောက်ရင်
ခွေးတွေဆက်လိုက်နိုင်မှာ မဟုတ်ဘူး
ဝေါ
ဝရော
ကလေးတွေ သေချာဖက်ထားကြနော်
ရေစီးအရမ်းသန်တယ်
ကိုလေးတို့ မြစ်လယ်ရောက်တော့
အစောင့်တွေနဲ့ ခွေးတွေလည်း
ကမ်းစပ်အထိ မှီလာကြတယ်


ဟိုမှာလွှတ်တော့မယ် ပစ်ကြလော့
ဒိုင်း
ဒိုင်း
ဒိုင်း
သေနတ်တွေနဲ့ ပစ်ကြတော့ ဦးသျှောင်ကြီးကို ကျည်ထိသွားတယ်
ရေစီးက အရမ်းသန်တော့ ကိုကြီးလည်း မြစ်ရေနဲ့အတူ မျောပါသွားတယ်
ဦးဇေဝါနဲ့ ကိုလေးနဲ့ကျ တစ်ဖက်ကမ်းကို ရောက်ပြီး တောထဲဝင်ပြေးကြတယ်။ အစောင့်တွေက မြစ်ကိုကူးပြီး လိုက်မဖမ်းကြတော့ဘူး။ အဲဒါနဲ့ ကိုလေးတို့နှစ်ယောက်လည်း ဘိန်းစခန်းကနေ လွတ်မြောက်လာခဲ့ကြတာပေါ့။
ကိုကြီး


ကိုကြီးလည်း အခုထိသေလားရှင်လား
မသိသေးပါဘူး ညီမလေးရာ
ကိုကြီးသာ အခုချိန်ရှိနေရင်
မောင်နှမသုံးယောက် ဘယ်လောက်တောင်
ပျော်စရာကောင်းလိမ့်မလဲ
ဒီလိုနဲ့ ဦးဒေဝါနဲ့ ကိုလေးလည်း
နယ်စပ်ရွာတွေဖက် သွားခဲ့တာပေါ့
ဦးဒေဝါက ဆေးခန်းလေးထောင်ပြီး
အနီးနားက ရွာတွေကို ဆေးကုပေးခဲ့တယ်
အခမဲ့ဆေးခန်း
ကိုလေးကတော့ အကူအနေနဲ့ပေါ့
တကယ်တော့ ဦးဒေဝါက
ရန်ကုန်ဆေးရုံကြီးက ဆရာဝန်တစ်ယောက်ပါ


၁၉၈၈ခုနှစ် အရေးတော်ပုံထဲ
ဦးအေဝါလဲ တက်ကြွစွာပါဝင်ခဲ့တယ်
FREE
စစ်တပ်ကနေပုန်ကန်သူအဖြစ်သတ်မှတ်ခံရတော့
တောထဲတွေမှာတိမ်းရှောင်ရင်းဆေးကုပေးခဲ့တယ်
သူအရင်ဆေးကုပေးခဲ့တဲ့ရွာကို
စစ်တပ်က ဝင်သောင်းကျန်းမီးရှို့တော့
ဦးအေဝါလဲချွေးတပ်သားအဖြစ်ခေါ်သွားခံရတယ်
ဘိန်းစခန်းကလွတ်လာပြီး အခုတော့ခေတ္တာ
ဆရာဝန်အဖြစ်နဲ့ ကုသပေးနေတယ်။
တစ်ခါတစ်လေခက်ခဲတဲ့ဒေသတွေကိုလည်း
သွားရောက်ကုသပေးတာပေါ့


သူကဒေသထွက်ပရဆေးပင်တွေနဲ့ ဆေးဖော်တဲ့ နေရာမှာကျွမ်းကျင်တယ်
ခေတ်မီဆေးဝါးတွေ ရှားပါးတဲ့ ဒေသဆိုတော့ ဦးဒေဝါရဲ့ တိုင်းရင်းဆေးတွေဟာနတ်ဆေးပါပဲ
WORLD
ကိုလေးကိုလည်းအင်္ဂလိပ်စာနဲ့ သင်္ချာတွေသင်ပေးတယ်
ဘဝမှာလိုက်နာဆောင်ထိန်းရမဲ့ စည်းမျဉ်းတွေနဲ့ တရားမျှတမှုအတွက်အမြဲသင်ပေးလေ့ရှိတယ်။
အမှား
အမှန်
နေ့စဉ်မှတ်တမ်းမှာ စစ်တပ်ကြောင့် ဒုက္ခရောက် သူတွေအကြောင်းမှတ်တမ်းရေးဖို့ အကြံပြုတယ်
နှစ်တွေအတော်ကြာလာတော့ ....


ကိုလေးလည်း လူနာတွေကို
ကိုယ်တိုင် ကြည့်ပေးသာနိုင်တယ်
ဦးဒေဝနဲ့လည်း နယ်စပ်တလျှောက်
ခရီးအများကြီး ရောက်ခဲ့ပြီ
ရောက်လေရာ ဒေသတိုင်းမှာ
ဘေးဒုက္ခခံစားခဲ့ရတဲ့လူတွေရဲ့
အသံနားထောင်တယ်
သူတို့ဘယ်လိုဆိုးဆိုးဝါးဝါးနှိပ်စက်ခံရပုံတွေ
ဒါတွေကိုမှတ်တမ်းရေးခဲ့တယ်


ဒီစာအုပ်ဟာ ကိုလေးရဲ့အကြိုက်ဆုံးစာအုပ်ပဲ
အမှန်တရား
မှတ်တမ်း
နယ်လှည့်ဆေးကုရင်း ကိုကြီးအကြောင်း
စုံစမ်းခဲ့တယ်
ဦးဒေဝါက ဒုက္ခသည်တွေကိုကူညီဖို့
အမြဲလုပ်ဆောင်နေတာပဲနော်
အင်း ငါတို့ကိုယ်တိုင်လဲ ဒီလိုခက်ခဲတဲ့
အခြေနေတွေကို ကျော်ဖြတ်ခဲ့ရတာပဲ
အစိုးရအနေနဲ့ ထိခိုက်နစ်နာသူတွေ
ပြန်လည်ထူထောင်လာနိုင်အောင်
ကူညီဖို့တစ်ခုခု ပြုလုပ်ပေးသင့်တယ်
ပြန်လည်ကုစားပေးရေးဆိုတဲ့ အခွင့်အရေးထဲမှာ
အခြေခံသဘောတရားတွေပါတယ်
အစိုးရ


လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့သူတွေကို ပြန်လည်ထူထောင်နိုင်အောင် ကူညီပေးတာကို ပြန်လည်ကုစားပေးခြင်းလို့ခေါ်တယ်။
"မူလဆိုးရှုံးမှုများ ပြန်လည်ပေးအပ်ခြင်း၊
လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်း"
"နောက်ထပ် ထပ်မံမဖြစ်ပွားရေး အာမခံချက်တွေနဲ့
ကျေနပ်အောင် ဆောင်ရွက်ပေးခြင်း"
ဆိုတာတွေပါတယ်
ပြန်လည်ကုစားပေးတယ်ဆိုတာက လျော်ကြေးပေးတာပဲ မဟုတ်ဘူးဆိုတာကို နားလည်ထားဖို့အရေးကြီးတယ်
နစ်နာသူတွေရဲ့ ဂုဏ်သိက္ခာကို ပြန်လည်ရရှိနိုင်ဖို့ လုပ်ဆောင်ပေးတဲ့ ကျယ်ပြန့်တဲ့ နည်းနာတွေလည်း ပါဝင်တယ်
မူလဆိုးရှုံးမှုများ ပြန်လည်ပေးအပ်ခြင်းဆိုတာကတော့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ မဖြစ်သေးခင်က ရှိနေတဲ့ အခြေအနေကို ပြန်လည်ပေးအပ်နိုင်ဖို့ ရည်ရွယ်တယ်
ကျေနပ်အောင်ဆောင်ရွက်ပေးခြင်းဆိုတာက နစ်နာတဲ့သူအနေနဲ့ အသိအမှတ်ပြုခံရပြီး တရားမျှတမှာ ဆက်ဆံခံရတယ်လို့ ခံစားရစေဖို့ရည်ရွယ်တယ်
အစိုးရ
ဦးလေးတို့အရပ်သားတွေ လုပ်ဆောင်ပေးနေတဲ့ အလေးအား အကူအညီဝန်ဆောင်မှုတွေကိုပြန်လည်ကုစားပေးတယ်လို့ သတ်မှတ်လို့မရဘူး
ထပ်မံမဖြစ်ပွားရေးအာမခံချက်ဆိုတာ အခုလိုလူ့အသက်တွေကိုကယ်တင်တဲ့ အရေးပေါ်အခြေနေမျိုးထက်တောင် ပိုအရေးကြီးတယ်


အထူးသဖြင့် နစ်နာသူတစ်ဦးတစ်ယောက်က လျော်ကြေးတွေ ပြန်လည်ကုစားပေးတာတွေ ရပြီးတဲ့နောက်
ပိုဆိုးတဲ့ အကြမ်းဖက်မှုတွေ၊ ခွဲခြားဆက်ဆံမှုတွေကို ကြုံတွေ့ရတဲ့အခါမျိုးတွေမှာပေါ့
နောက်ပြီးပြန်လည်ကုစားမှုပြုလုပ်ပေးရုံနဲ့တင်လည်း နစ်နာသူတွေရဲ့ဘဝကိုသိသိသာသာပြောင်းလဲစေနိုင်တဲ့ ပံ့ပိုးပေးတာမျိုးမဟုတ်ပြန်ဘူး
အခုငါတို့ကူညီပေးနေတာတွေက ငါတို့ရိုးရိုးပူပန်နေတယ်ဆိုတဲ့ သတင်းစကားပေးရုံသာသာပဲ ရှိသေးတယ်
လက်ရှိအစိုးရက "ပြန်လည်ကုစားမှု" ကို ပြုလုပ်ပေးရုံသာမက
လူ့အခွင့်အရေး ချိုးဖောက်ခံရ
ပြန်လည်ကုစား
မူလအခြေအနေ
ကျူးလွန်သူတွေကို အရေးယူနိုင်ရမယ် ပြီးတော့ "နောက်ထပ်ထပ်မံမဖြစ်ပွားရေး"ကို လုပ်ဆောင်ရမယ်
လူ့အခွင့်အရေး ချိုးဖောက်ခံရ
ပြန်လည်ကုစား
ထပ်မံမဖြစ်ပွားရေး အာမခံချက်
မူလအခြေအနေ


ဒီလိုနဲ့ ကိုလေးလည်း လူ့အခွင့်ရေးချိုးဖောက်သူတွေကို အရေးယူနိုင်ဖို့ သက်သေအထောက်အထားတွေကို ပိုပိုပြီးစုဆောင်းဖြစ်တယ်
ညီမလေးနဲ့တွေ့တဲ့အခုချိန်ထိပဲပေါ့
ကိုလေးအကြောင်းကတော့ဒီလောက်ပါပဲ
ညီမလေးလဲ တိုင်းရင်းသားဒေသတွေမှာ ဖြစ်ပွားနေတဲ့ လူ့အခွင့်ရေးချိုးဖောက်မှု တွေကို အားလုံးသိအောင်ကြိုးစားနေတဲ့ ကိုလေးကို လေးစားပါတယ်
ဒါပေမဲ့ လူအနည်းစုပဲစိတ်ဝင်စားကြတယ် အများစုကစစ် တပ်ရဲ့လူမဆန်မှုတွေကိုထောက်ပြရင် ညီမလေးတို့ကို တိုင်းပြည်မငြိမ်မသက်ဖြစ်အောင်သွေးခွဲလုပ်ဆောင်နေ တယ်ပဲ မြင်ကြတယ်
လက်ရှိအာဏာရအစိုးရကစစ်တပ်နဲ့ ရင်ကြားစေ့ရေး ကိုဦးစားပေးတယ်၊ဒါကကောင်းတယ် ။သို့ပေမဲ့ ကျူးလွန်သူတွေကိုအရေးယူနိုင်ဖို့လဲလိုတယ်။


အဲဒါမှ အဓိကကျူးလွန်သူစစ်တပ်က
နောက်အကြိမ်တွေထပ်မလုပ်တော့မှာ
အမှန်ပဲ ညီမလေးရေ
ဒါနဲ့ ညီမလေးအကြောင်းကော
ပြောပြပါဦး
ညီမလေးအကြောင်းကတော့
ထွေထွေထူးထူးမရှိပါဘူး
အဖွားလေးနဲ့ မြို့တက်သွားပြီးတဲ့နောက်
ရွာကို ပြန်လာတော့ ရွာက ပျက်စီးနေပြီ
ရွာသူရွာသားတွေလည်း မရှိကြတော့ဘူး
ကိုလေးတို့အကြောင်းကိုစုံစမ်းတော့
ပေါ်တာဆွဲခံသွားရတယ်လို့ သိရတယ်


အဲဒီနေ့ အဖွားလေးကလည်း မြို့ပေါ်မှာပဲ
အခြေချဖို့ဖြစ်လာခဲ့တယ်
ညီမလေးလည်း ကျောင်းတက်ရင်း
ဥပဒေနဲ့ ဘွဲ့ရခဲ့တယ်
စစ်တပ်ရဲ့ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေကိုဖော်ထုတ်ရင်းနဲ့
ယောဂျာတွေမှာ ဆေးကုပေးနေတဲ့
ကိုလေးရဲ့အကြောင်းကို အင်တာနက်ပေါ်ဖတ်မိပြီး
ဆက်သွယ်မိခဲ့တယ်
ညီမလေးရဲ့အကြောင်းကတော့ ဒီလောက်ပါပဲ
ကိုလေးလည်း ခရီးပန်းလာရောပေါ့ နားတော့လေ
ညီမလေးလည်း ကိုလေးရောက်လာတော့
အလုပ်တွေပိုပြီးကြိုးစားဖို့ အားရှိသွားပြီ
အေး အေး ဟုတ်ပြီ တရားမျှတမှုအတွက်
နှစ်ယောက်အတူ ပိုပြီးကြိုးစားကြတာပေါ့



တိုင်းပြည်က ယိုင်နဲ့မှုများကြားထဲ
အကျင့်ပျက် ခြစားမှုများနှင့်
ဒီမိုကရေစီအစစ်အမှန်မရသေးသော်ငြား
သံမဏိလိပ်ပြာ၏
ကြိုးစားမှုများကြောင့်
ရုန်းထနေဆဲ
နောက်ကွယ်တွင် "အာဏာသည် သေနတ်ပြောင်းဝက
ထွက်သည်" ဆိုသည့် သူများက ဟန်ဆောင်နေဆဲ


ပြည်သူများမှာ အသိအမြင်ကျယ်ပြန့်လာကြသည်
Internet နှင့် information စွမ်းပကားကြောင့်
https://www
ဖိနှိပ်ခံရသော တိုင်းရင်းသားဒေသများအပေါ်
သိရှိလာကြသည်
ပြည့်ဝသော ဒီမိုကရေစီရရှိရေး
လှုပ်ရှားမှုများနှင့် အတူ
ကျူးလွန်ခဲ့ကြသူတွေအား
တစဖြင့် တစ အရေးယူနိုင်ရန်
ကြိုးပမ်းလာကြသည်
ကျူးလွန်သူများ၏ နောက်ကြောင်းမပြန်ရ
ဥပဒေထိုင်ခုံသည် လှုပ်ခတ်လာခဲ့သည်


၂၀၂၀ရွေးကောက်ပွဲတွင် ဒီမိုကရေစီတိုက်ပွဲ ဆင်နွှဲနေသော NLD ပါတီသည် ထပ်မံ၍ သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်
နောက်ကွယ်မှ ကြိုးကိုင်ချယ်လှယ်ခြင်းကို ပြုလုပ်၍မရသော စစ်တပ်သည်
မဲလိမ် မဲခိုးသည်ဆိုသည့် အကြောင်းပြချက်ဖြင့် အာဏာသိမ်းခဲ့သည်။
ဒီမိုကရေစီရရှိရေး
ဒို့အရေး
ဒို့အရေး


စစ်အာဏာရှင်ကျဆုံးရေး
ဒို့အရေး
ဒို့အရေး
ပြည်သူများ၏ ဒီမိုကရေစီ
တောင်းဆိုမှုများသည်
We Don't Accept
ဆန္ဒထုတ်ဖော်ပွဲများနှင့်အတူ မြင့်တက်လာခဲ့သည်
မပြည့်ဝသေးသော ဒီမိုကရေစီစနစ်ဖြင့်
နေခဲ့ရသော်ငြား ဖိနှိပ်ချုပ်ချယ်မှုကို လက်မခံနိုင်ကြ
ပြည်သူ့အာဏာ
ပြည်သူ့ပြန်ပေး
Justice


အကြမ်းမဖက် CDM လှုပ်ရှားမှု
ငြိမ်းချမ်းစွာ ဆန္ဒပြမှုကြောင့်
ကမ္ဘာကပင် အာရုံစိုက်လာသည်
CNN News
What's happening in Myanmar?
အာဏာသိမ်းစစ်တပ်သည်
အကျပ်ရိုက်လာသည်
တိုင်းပြည်ငြိမ်သက်အောင်
မူလလက်နက်ဖြစ်သော
အကြောက်တရားဖြင့် အုပ်ချုပ်ခြင်းကို
အသုံးပြုလာခဲ့သည်


ပစ်ကြစမ်းကွာ
ဒိုင်း
သေနတ်တွေနဲ့ ပစ်ကုန်ပြီဟ
ပြေး
ပြေး


နေရာအနှံ့ အကြမ်းဖက်နည်းများဖြင့်
ဆန္ဒပြပွဲများကို ရက်စက်စွာဖြိုခွင်းသည်
အား
ဒိုင်း
ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်နေသော
လူငယ်များစွာ ကျဆုံးခဲ့ရသည်
နောက်တစ်ရက်


ရက်စက်သည့် အကြမ်းဖက်နည်းများဖြင့် ဖြိုခွင်းခဲ့
သော်လည်း ဒီမိုကရေစီတိုက်ပွဲသည် အကြောက်
တရားကြောင့် အရှိန်ကျမသွားခဲ့ပါ
Justice
CDM
ကိုလေးနှင့်အိအိ တို့သည်လည်း
အာဏာရှင်ကို ပါဝင်တော်လှန်ခဲ့ကြပါသည်
စစ်အာဏာရှင်ကျဆုံးရေး
ဒို့အရေး
ဒို့အရေး
အရေးတော်ပုံ အောင်ရမည်
ဒိုင်း
ဒိုင်း
သေချင်တဲ့ကောင်ထွက်ခဲ့
ဒိုင်း


ယော့ ၂ယောက်မပြေးနဲ့
အော်ဘယ်သူတွေများလဲလို့
အင်တာနက်ပေါ်မှာ စစ်တပ်ရဲ့
မကောင်းကြောင်းတွေ တင်နေတဲ့
အိအိတို့မောင်နှမပဲ
အဲဒါဘာဖြစ်လဲ
နင်တို့ဟုတ်မာတာ
မဟုတ်လို့လား
ကောင်မ
လျှာရှည်ချင်ဦးကွာ
ရော့ ပါးစပ်ပိတ်ထား
ဖြန်း
မင်းလည်း ရော့ကွာ
ခွပ်
ကျန်တဲ့ရဲဘော်တွေ
ပြေးတဲ့ကောင်တွေကို လိုက်ဖမ်းစမ်းကွာ


တပ်ကြပ်ကြီးက ဒီဖြိုခွဲမှုကို ဆက်လက်တာဝန်ယူပေးပါ
ငါက တပ်ကို အရင်ပြန်နှင့်မယ် ရာထူးတိုးဆေး ၂ကောင်ဖမ်းမိထားပြီ
ဝူး
ဝရှူး
အမှတ် .... ခြေလျ
ဗိုလ်ကြီးကျော် ကျနော်တို့တပ်ကို အပြောင်းကျလာတဲ့အတွက် ကြိုဆိုပါတယ်
ပဟိုကင်း
ကျေးဇူးပါ ဗိုလ်သီဟ
ချင်းတောင်ဖက်ကော အခြေအနေဘယ်လိုရှိလဲ ဗိုလ်ကြီးကျော်


အခြေအနေက အေးဆေးပါတယ် ဒေသခံပြည်သူတွေလည်း အလွန်ရိုးသားကြတာကိုးဗျ
ချင်းတောင်တန်းတွေကြည့်ပြီးနေရတာ စစ်မှုထမ်းနေရတာနဲ့မတူဘူး အပန်းဖြေခရီးထွက်နေရသလိုပဲဗျို့
ဖုန်းလိုင်းနဲ့ အင်တာနက်မရတာကလွဲလို့ပေါ့
ချင်းပြည်မှာနေတာကြာခဲ့တာပဲ ချင်းမလေးတစ်ယောက်နဲ့တော့ ရည်းစားမဖြစ်ခဲ့ဘူးလား
ပေါက်ပေါက်ရှာရှာ မဖြစ်ပါဘူးဗျာ ကျနော်က မိန်းကလေးတွေဆို မြင်တာနဲ့လန့်တယ်ဗျ
အဲဒါကြောင့်မို့ ဗိုလ်ကြီးကျော်က ၁၀နှစ်လောက် တာဝန်ကျခဲ့တာတောင် မစွံတာကိုး ဟား ဟား
ပြောရင်လည်းခံရမှာပဲဗျို့ ဟား ဟား


ဟာ ဗိုလ်ကြီးကျော် ကြည့်လှချည်လားဗျ
အင်းဟုတ်တယ်
ဒါနဲ့ ဒီအတွဲက ဘယ်သူတွေလဲ
သူတို့က မောင်နှမတွေလေ
အိအိနဲ့ ကိုလေးလို့ခေါ်တယ်
ဗိုလ်ကြီးကျော်က အင်တာနက်မရှိလို့မသိတာ
သူတို့ကစစ်တပ်ရဲ့မကောင်းကြောင်းတွေ
ပြောတဲ့နေရာမှာ နာမည်ကြီးတွေပဲ
ဆန္ဒပြပွဲကနေ ဖမ်းလာကြတယ်နဲ့တူတယ်
သူတို့ကို ကျနော်တို့ပဲ စစ်မေးရမှာ


ဟုတ်လား ကျနော်တို့ ဘယ်အချိန်
သူတို့ကိုစစ်ဆေးရမှာလဲ
ဒီညနေ စစ်ဆေးကြမယ်
ဗိုလ်ကြီးကျော်က မနားတော့ဘူးလား
ဒီနေ့မှ တပ်ကိုရောက်တဲ့ဟာကို
မနားတော့ပါဘူး
Duty is Duty ပါဗျား
ဒုန်း
ဒီလောက်စစ်ဆေးနေတာကို
ခေါင်းမာလိုက်တဲ့မိန်းမ



မာဦးကွာ
အကြောတင်းပြီး
ဖြန်း
ဖြန်း
နင်မှန်မှန်ဖြေ
နင်က ကရင်အဖွဲ့က
လွှတ်ထားတဲ့ စပိုင်မလား
မဟုတ်ဘူး ဦးက
နင်တို့ကျူးလွန်ခဲ့တဲ့ အပြစ်တွေအတွက်
ဒဏ်ခတ်ဖို့ ကြိုးစားနေတဲ့ မိန်းမပဲ
ဒဏ်ခတ်ဖို့ ဟုတ်လား
နင့်ကို အရင် ဒဏ်ခတ်ရမယ်
ဒါဘာလုပ်တာလဲ
ရှင်မယုတ်မာနဲ့
ဒေါက်
ဒေါက်
ဒေါက်
ဘယ်သူလဲဟေ့



အော် ဗိုလ်ကျော်ပဲ လာလေဗျာ
ဒီမှာ အကြောလာတင်းနေလို့ လျှော့ပေးဖို့လုပ်နေတာ တော်တော်ခက်တဲ့ မိန်းမမျိုး
ဒါဆို ဗိုလ်သီဟနားလိုက်ပါဦး ကျနော်ပဲဆက်မေးလိုက်ပါ့မယ်
ဟော့ကောင်မ နင်ကံကောင်းသွားတယ်မှတ်ပါ နောက်တခါဆိုရင် တဝပျက်ပြီသာမှတ်
ကဲ ကျနော်သွားမယ်



တော်တော်လေး နှိပ်စက်ခံထားရတာပဲ
ရေနွေးသောက်ပါဦး အကိုမေးစရာရှိလို့
ရှင်တို့ ရဲဆိုးရဲကောင်းအကွက်တွေ လာမသုံးနေနဲ့ အသုံးမဝင်ဘူး
မဟုတ်ပါဘူး
အကိုက ဒီဆွဲကြိုးလေးအကြောင်းမေးချင်လို့ပါ


ဟင်
ကိုကြီး
ဟဓ်
ကိုကြီးမသေသေးဘူးနော်
ညီမလေးလေ အိအိလေ
နေပါဦး ဒီဆွဲကြိုးလေးပြလိုက်တာနဲ့
မင်းရဲ့အကို ဘယ်လိုဖြစ်သွားရတာလဲ


အကိုက ကျမရဲ့ အကိုကြီးလေ
နှုတ်ခမ်းမှာ မှဲ့ကြီးကြီးနဲ့
ဘယ်လိုမှ မမှားနိုင်ဘူး
ကိုကြီး ညီမလေးတို့ကို မေ့သွားပြီလား
ဒီဆွဲကြိုးတွေက အဖေပေးခဲ့တာလေ
ဘာဖြစ်လို့
စစ်ဗိုလ်လုပ်နေတာလဲ
မှဲ့က မင်းမြင်နေရတာကိုးကွ
ဒီဆွဲကြိုးက တခြားသူဆီကနေ
ယူထားတာလည်း ဖြစ်နိုင်တာပဲ
ဒီလိုအကွက်တွေနဲ့ ငါ့ကို
ကြောင်တောင်တောင်လာလုပ်လို့
ရမယ်ထင်လား
ညီမလေးရဲ့ ကိုကြီးဆိုတာ
ဘယ်လိုမှ မမှားနိုင်ဘူး
ဒါဆို ထပ်ပြောမယ်
ကိုကြီးရဲ့ ခါးမှာ
ငယ်ငယ်က ဝါးချွန်နဲ့ ထိုးမိထားတဲ့
အမာရွတ် အကြီးကြီး ရှိတယ်မလား


ဒါ . . . ဒါကို ဘယ်လိုသိတာလဲ
ကိုကြီးအတိတ်မေ့နေတာလား
အဖမ်းခံထားရတဲ့ ကိုလေးနဲ့က
အမွှာညီအကိုတွေလေ
မယုံရင် သွားကြည့်ပါလား
အမွှာဆိုတော့ ရုပ်လည်းတူတယ်
ကိုလေးမှာတော့ မှဲ့မပါဘူး
ညီမလေးတို့က ကိုကြီးရဲ့
မောင်နှမတွေဆိုတာ ယုံပါနော်
ဟီး ဟီး
တော်ပြီ တော်ပြီ
နောက်နေ့မှ ဆက်မေးတော့မယ်


လိပ်ပြာလေး ၅ကောင် ရှိပါတယ်
လိပ်ပြာဖေဖေရယ် မေမေရယ် လိပ်ပြာကလေး ၃ကောင်ရယ်
သာယာသော နေရောင်ခြည်အောက်မှာ ပန်းဝတ်ရည်တွေ စုပ်ယူရင်း ပျော်ရွှင်စွာ ရှိကြသည်
ထိုစဉ် လေပွေမုန်တိုင်းတစ်ခု ဝင်လာသည်
လိပ်ပြာဖေဖေနှင့် လိပ်ပြာမေမေမှာ မီးလောင်ပြီး သေဆုံးသွားသည်
လိပ်ပြာလေး၃ကောင်မှာ အဝေးဘာနေရာဆီ လွင့်စင်သွားကြသည်


ဟော ဟဲ
ဟော ဟဲ
ငါ့မှာလဲ ဒီအိပ်မက်ဆိုးတွေပဲ
အမြဲမက်နေတာပဲ
မနက်ရှနာရီတောင်ရှိပြီ
Dutyဝင်ဖို့ ပြင်မှဖြစ်မယ်
ကျီ



ဟော့ရောင့် ထဦး
ဒီမှာမင်းအတွက်ပေါက်စီဝယ်လာတယ်
စားပြီးရင်မေးစရာရှိတယ်
ခွဲကျွေးရင်စားမယ်လေ
ဒီမှာ လက်ပြန်ကြိုးတုပ်ခံထားရတော့
ဘယ်လိုစားမလဲ
မင်းက အတော်လာတဲ့လူပဲ
ငါ့ဆီမှာ မင်းမကြောက်ဘူးလား
မကြောက်ပါဘူး
ခွေးတို့သာ Maskကြီးတပ်ပြီး
လာကြောက်ပြနေတာ
ငါအခုမေးချင်တာက မင်းလည်ပင်းက
ဆွဲကြိုးက ဘယ်ကရတာလဲ
ဘာကြောင့်စစ်တပ်ကိုမုန်းနေရတာလဲ
သိချင်တယ်ပေါ့
ပေါက်စီချက်နှာနဲ့မှ ဖြေပေးလိုက်မယ်


ခင်ဗျားတို့စစ်တပ်က သတ်လို့သေသွားတဲ့
ကျုပ်အာဖေက ဒီဆွဲကြိုးကို ပေးခဲ့တာလေ
ဟင် ဟုတ်လို့လား
ဘယ်ဟုတ်တာပေါ့
ရိုးသားပြီးအေးချမ်းတဲ့ ကျုပ်မိသားစုကို
ဖြိုခွဲဖျက်ဆီးလိုက်တာ မင်းတို့စစ်တပ်ပဲ
ကျုပ်တို့အာဖေနဲ့အာမေ အသတ်ခံရပြီး
ကျုပ်တို့မောင်နှမ ၃ယောက်လည်း
တနေရာစီကွဲသွားကြတယ်
ညီမလေးနဲ့တောင်မှ အသက်ကြီးမှ ပြန်တွေ့တာ
ကဲ ဘာထပ်သိချင်သေးလဲ


ကွဲသွားတဲ့ ညီလား အကိုလား
သူ့အကြောင်း ပြောပြပါဦး
သူက ကျုပ်အမွှာအကိုလေ
ခင်ဗျားတို့စစ်တပ်က ရွာကိုမီးရှို့ပြီးတော့
ကျုပ်တို့ညီအကိုနှစ်ယောက်ကို
ပေါ်တာဆွဲသွားတယ်
ပြီးတော့ တရုတ်ကောင်ပိုင်တဲ့
ဘိန်းခင်းထဲကို ရောင်းစားခဲ့တာ
တစ်ရက်ကျတော့ ဘိန်းစခန်းထဲကနေ
ထွက်ပြေးကြတဲ့အခါ
မြစ်ကိုဖြတ်ကူးနေတုန်း
သေနတ်နဲ့ပစ်ခံရလို့ ကျုပ်အကိုလည်း
မြစ်ရေနဲ့ မျောပါသွားခဲ့တယ်
အဲ့ဒီအချိန်ကတည်းက အကိုနဲ့ကွဲကွာသွားခဲ့တာပဲ



သေလား ရှင်လား
အခုထိမသိသေးပါဘူး
ဒီမှာ
ဒါ ကျုပ်အာကိုရဲ့ဆွဲကြိုးပဲ
ခင်ဗျား ဘယ်က ရတာလဲ
ကိုလေး ပြန်တွေ့ရတာ ဝမ်းသာတယ်ကွာ
ဟာ ကိုကြီး မသေဘူးနော်


ငါက ဆရာကြီးလေကွာ
ဘယ်သေပါ့မလဲ
ဆရာကြီးဆိုလည်း ကြိုးအရင်ဖြေပေးဦး
ယီးတီးယားတားတွေ လာမေးနေတယ်
ငါ အတိတ်မေ့နေလို့ပါကွ
မင်းကလည်း ဟား ဟား ဟား
တစစီ ပြိုကွဲခဲ့ရတဲ့ မိသားစုလေးဟာ
နောက်ဆုံးမှာတော့ ပြန်ဆုံစည်းနိုင်ခဲ့ပါပြီ
အဲဒီညမှာပဲ သူတို့ဟာ ဖမ်းဆီးထားတဲ့
စစ်တပ်ထဲကနေ ထွက်ပြေးခဲ့ကြပါတယ်
နောက်မှလည်း စစ်သားများက
လိုက်လံဖမ်းဆီးကြပါတယ်


သူတို့မောင်နှမများအားလည်း
ပုဒ်မ ၅၀၅ (က)ဖြင့် ဖမ်းဝရမ်းထုတ်ခဲ့သည်
ရေတတန် ကုန်းတတန်ဖြင့်
ထွက်ပြေးလာခဲ့ကြပြီးနောက်တွင်
တိုင်းရင်းသားလက်နက်ကိုင် နယ်စပ်ဒေသသို့
လွတ်မြောက်လာခဲ့ကြပါသည်
ငြိမ်းချမ်းရေး ချိုငှက်လေးသည်လည်း
ပေါင်းစည်းနိုင်သွားခဲ့ပါပြီ
သူတို့ရည်မှန်းသော တရားမျှတမှုအတွက်
ဆက်လက်လုပ်ဆောင်နေပါလိမ့်ဦးမည်
ဒါသည် ခရီးအစမျှသာ

ASIA JUSTICE AND RIGHTS

တရားမျှတမှုကို လိုချင်ကြတဲ့ လိပ်ပြာ
မီးလျှံကြားက လိပ်ပြာ
လိပ်ပြာ လိပ်ပြာ မီးလိပ်ပြာ

